# ဦးထုပ်တွေရမယ်



ပညာ

unicef

# ဦးထုပ်တွေရမယ်

တစ်ခါတုန်းက ဦးထုပ်သည်တစ်ယောက် ရှိတယ်။ သူက တစ်ရွာဝင် တစ်ရွာထွက် အော်ရောင်းတယ်။

**'ဦးထုပ်တွေ၊ ဦးထုပ်တွေရမယ်။ တစ်လုံးတစ်ထောင်'**

သူရောင်းမယ့် ဦးထုပ်တွေကို ခေါင်းပေါ်မှာ တင်သွားတယ်။



နေ့စဉ် သူဦးထုပ်ရောင်းဖို့သွားတိုင်း ဦးထုပ်တွေကို ခေါင်းပေါ်မှာ အစီအစဉ်တကျ တင်သွားတယ်။

**ပထမဆုံး သူ့ရဲ့ အနက်ရောင် ဦးထုပ်၊**

**နောက်** မီးခိုးရောင် **ဦးထုပ် ၄ လုံး၊**

**နောက်** အပြာရောင် **ဦးထုပ် ၄ လုံး၊**

**နောက်** အဝါရောင် **ဦးထုပ် ၄ လုံး၊**

**နောက်ပြီးတော့ အနီရောင်**
**ဦးထုပ် ၄ လုံး။**

အားလုံးပေါင်း ဦးထုပ် **၁၇** လုံးကို သယ်သွားတယ်။



တစ်နေ့မှာ ဦးထုပ်သည်ဟာ မောပန်း
လာတဲ့အတွက် သစ်ပင်တစ်ပင်အောက်မှာ
ထိုင်ပြီး တစ်ရေးအိပ်လိုက်တယ်။ မအိပ်ခင်မှာ
သူ့ခေါင်းပေါ်က ဦးထုပ်တွေကို
အစီအစဉ်အတိုင်း ပြန်စစ်ကြည့်လိုက်တယ်။

**ပထမဆုံး သူ့ရဲ့ အနက်ရောင် ဦးထုပ်၊**

**နောက်** မီးခိုးရောင် **ဦးထုပ် ၄ လုံး၊**

**နောက်** **အပြာရောင်** **ဦးထုပ် ၄ လုံး၊**

**နောက်** **အဝါရောင်** **ဦးထုပ် ၄ လုံး၊**

**နောက်ပြီးတော့ အနီရောင်**
**ဦးထုပ် ၄ လုံး။**



အားလုံးပေါင်း ဦးထုပ် **၁၇** လုံး သူ့ခေါင်းပေါ်မှာ အစီအစဉ်အတိုင်း ရှိနေကြတယ်။

ဒါနဲ့ သူ အိပ်ပျော်သွားတယ်။



နှစ်နာရီလောက် ကြာသွားပြီးတဲ့နောက်မှာ ဦးထုပ်သည်ဟာ အိပ်ရာက နိုးလာတယ်။ သူမတ်တတ်မရပ်ခင်မှာ သူ့ဦးထုပ်တွေ အစီအစဉ်အတိုင်း ရှိ၊ မရှိ ပြန်စစ်ကြည့်လိုက်တယ်။

**ပထမဆုံး သူ့ရဲ့ အနက်ရောင် ဦးထုပ်၊**

**နောက် ....................** ဒါအကုန်ပဲ။

ဒီ့အပြင်ဦးထုပ်တွေ မရှိတော့ဘူး။




မတ်တတ်ရပ်လိုက်တယ်။

ဘယ်ဘက်ကို ကြည့်လိုက်တယ်၊ ဦးထုပ်တွေ
မရှိတော့ဘူး။

ညာဘက်ကို ကြည့်လိုက်တယ်၊ ဦးထုပ်တွေ
မရှိတော့ဘူး။

သူ့နောက်ဘက်ကို ကြည့်လိုက်တယ်၊
ဦးထုပ်တွေ မရှိတော့ဘူး။

သစ်ပင်အနောက်ဘက်ကို ကြည့်လိုက်တယ်။
ဦးထုပ်တွေ မရှိတော့ဘူး။



ဒါနဲ့ သူ့အပေါ်ဘက်ကို မော့ကြည့်လိုက်တယ်။ သစ်ပင်ပေါ်မှာ မျောက် **၁၆** ကောင်ရှိနေတယ်။ မျောက်တစ်ကောင်စီမှာ ဦးထုပ်တစ်လုံးစီ ဆောင်းထားကြတယ်။




ဦးထုပ်သည်က အော်လိုက်တယ်။

**'ငါ့ ဦးထုပ်တွေ ပြန်ပေး'**

မျောက်တွေကလည်း

**'ကွိ၊ ကွိ၊ ကွိ၊ ကွိ၊ ကွိ၊ ကွိ'** လို့ ပြန်အော်တယ်။

မျောက်တွေက ဦးထုပ်တွေကို ဆက်ပြီး ဆောင်းထားကြတယ်။



ဦးထုပ်သည်ဟာ စိတ်ဆိုးလာတယ်။ ဒါနဲ့ လက်သီးဆုပ်ပြီး မျောက်တွေကို အကျယ်ကြီး အော်ပြောလိုက်တယ်။

**'အရုပ်ဆိုးတဲ့အကောင်တွေ ငါ့ဦးထုပ်တွေ ပြန်ပေး'**

မျောက်တွေအားလုံး လက်သီးဆုပ်ပြီး၊

**'ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ'** လို့ ပိုပြီး အကျယ်ကြီး အော်ကြတယ်။

မျောက်တွေက ဦးထုပ်တွေကို ဆက်ပြီး ဆောင်းထားကြတယ်။



ဦးထုပ်သည်ဟာ ပိုပြီးစိတ်ဆိုးလာတယ်။ ခြေဆောင့်ပြီး အကျယ်ကြီး အော်ပြောလိုက်တယ်။

**'ငပေါကောင်တွေ၊ ငါ့ဦးထုပ်တွေ ပြန်ပေး'**

မျောက်တွေအားလုံးခြေဆောင့်ပြီး၊

**'ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ'** လို့ ပိုပြီးအကျယ်ကြီး အော်ကြတယ်။

မျောက်တွေက ဦးထုပ်တွေကို ဆက်ပြီး ဆောင်းထားကြတယ်။


JO

ဦးထုပ်သည်ဟာ အရမ်းစိတ်ဆိုးလာတယ်။ လက်သီးကိုဆုပ်၊ ခုန်ပေါက်ပြီး

**‘ငါ့ ဦးထုပ်တွေပြန်ပေး ............ ’** ပိုပြီး ကျယ်နိုင်သလောက် အကျယ်ကြီးအော်ပြီး သူ့ရဲ့ဦးထုပ်ကို ဆွဲချွတ်၊ မြေကြီးပေါ်ကို ပစ်ပေါက်လိုက်တယ်။

မျောက်တွေအားလုံး လက်သီးဆုပ်၊ ခုန်ပေါက်ပြီး

**‘ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ၊ ကွီ’** လို့ ကျယ်နိုင်သမျှ အကျယ်ကြီးအော်ပြီး သူတို့ရဲ့ ဦးထုပ်တွေကို ဆွဲချွတ်၊ မြေကြီးပေါ်ကို ပစ်ပေါက်လိုက်ကြတယ်။





ဦးထုပ်သည်ဟာ ဦးထုပ်တွေအားလုံးကို
သူ့ခေါင်းပေါ်ပြန်တင်လိုက်တယ်။

**ပထမဆုံး သူ့ရဲ့ အနက်ရောင် ဦးထုပ်၊**

**နောက်** မီးခိုးရောင် **ဦးထုပ် ၄ လုံး၊**

**နောက်** အပြာရောင် **ဦးထုပ် ၄ လုံး၊**

**နောက်** အဝါရောင် **ဦးထုပ် ၄ လုံး၊**

**နောက်ပြီးတော့** အနီရောင်
**ဦးထုပ် ၄ လုံး။**

အားလုံးပေါင်း **၁၇** လုံး။




JG

သူဟာ ရွာဘက်ကိုလျှောက်ရင်း အော်သွားတယ်။

**‘ဦးထုပ်တွေ၊ ဦးထုပ်တွေ ရမယ်၊ တစ်လုံး တစ်ထောင်ကျပ်’**


သရုပ်ဖော်
အော်ပီကျယ်

# ဦးထုပ်တွေရမယ်





ယူနီဆက်မှ အခမဲ့ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။